ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၁ - ၂၀၂၂ခု(၆)လ)
ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
ထပ်ကျက်(ပ)ကျေးရွာ၊ မန်တုံမြို့နယ်
(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၂၂ ခုနှစ်၊ မတ် လ

မာတိကာ

စဉ်	အကြောင်းအရာ	
၁။	စကားချီး	၂
၂။	ကျေးရွာ သယံဇာတပြမြေပုံ၊	၄
၃။	ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်၊	၅
၄။	ကျေးရွာတွင်းနှင့်ကျေးရွာ ပြင်ပအဖွဲ့အစည်းများဆက်စပ်မှုပြပုံ၊	၆
	အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ	
၁။	တည်နေရာနှင့် ပထဝီဝင် အနေအထား	၇
၂။	ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ	၇
၃။	လူဦးရေဆိုင်ရာ အချက်အလက်များ	၇
၄။	ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ	၇
၅။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	
	(က) သီးနှံ စိုက်ပျိုးရေး	၈
	(ခ) မွေးမြူရေးလုပ်ငန်း	၉
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၉
	(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု	၉
၆။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၉
	(ခ) ကျေးရွာ မီးလင်းရေး	၉
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၉
၇။	ပညာရေး	၁၀
၈။	ကျန်းမာရေး	၁၀
၉။	ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	၁၀

၁၀။	ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ	၁၀
၁၁။	ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး	၁၁
၁၂။	ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး	၁၁
၁၃။	ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ	၁၁
	အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်	၁၂
	စီမံချက် အဆိုပြုလွှာ (၁)	၁၃
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၄
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၅
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၇၉

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၂ခုနှစ်မှ ၂၀၂၆ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်သည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်း များကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနှစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပေးလမ်းပြကူညီပံ့ပိုးပေး၍ လိုအပ်သည်များကို စီစဉ် ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာ များမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ် ကြောင်းကိုလည်းကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုး မှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

၂၀၂၂၊ မတ် လ ၂၀ ရက်

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
ထပ်ကျက်(ပ)ကျေးရွာ
မန်တုံမြို့နယ်

မန်တုံမြို့နယ်၊ ထပ်ကျက်(ပ)ကျေးရွာ သယံဇာတပြမြေပုံ



မန်တုံမြို့နယ်၊ ထပ်ကျက်(ပ)ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်

မန်တုမြို့နယ်၊ ထပ်ကျက်(ပ)ကျေးရွာ ကျေးရွာတွင်းနှင့် ကျေးရွာပြင်ပ ဆက်စပ်မှုပြပုံ



အပိုင်း (က)
ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ထပ်ကျက်(ပ)ကျေးရွာသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ကျောက်မဲခရိုင်၊ မန်တုံမြို့နယ်၏ **နားအော်ကျေးရွာအုပ်စု**တွင် တည်ရှိပါသည်။ မန်တုံမြို့၏အရှေ့ဘက်(၃၅)မိုင်အကွာတွင် တည်ရှိပါသည်။ ကျေးရွာ၏အရှေ့ဘက်တွင်**မဝေါကျေးရွာ**၊ မြောက်ဘက်တွင်**ဆာလူကျေးရွာ**၊ အနောက်ဘက်တွင် **လွယ်ကျင်းကျေးရွာ**၊ တောင်ဘက်တွင် **လောလုကျေးရွာ** စသည်တို့တည်ရှိပါသည်။ ကျေးရွာတွင် တအာင်းလူမျိုးအများစု နေထိုင်လျက်ရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျေးရွာ၏ ရွာသီဥတုမှာ အေးချမ်းသော ရာသီဥတုဖြစ်ပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ(၃.၀၀)ဧက၊ တောင်ယာမြေ(၂၂.၀၀)ဧက၊ လက်ဖက်ခြံ(၁၅.၀၀)ဧက၊ စားကျက်မြေ(၀.၀၀)ဧက၊မြေလွတ်မြေလပ်(၀.၀၀)ဧက၊စုစုပေါင်း(၄၀)ဧကရှိပါသည်။ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ များသောအားဖြင့် မေလတွင် မိုးစတင်ပြီး အောက်တိုဘာလတွင် မိုးကုန်ပါသည်။ နှုလိုင်လတွင် မိုးအများဆုံး ရွာသွန်းပြီး မိုးရေချိန်သည် တစ်နှစ်ပတ်လုံး ပျမ်းမျှ (၆၈.၀၅ မှ ၁၀၀)လက်မ ရွာသွန်းပါသည်။ ပျှမ်းမျှအမြင့်ဆုံး အပူချိန် (၂၇.၀၀) ဒီဂရီ အနိမ့်ဆုံးအပူချိန် (၉.၀၀)ဒီဂရီစင်တီ ဂရိတ်ရှိပါသည်။

၃။ လူဦးရေဆိုင်ရာ အချက်အလက်များ

ကျေးရွာတွင် အိမ်ထောင်စု(၂၀)၊ လူဦးရေပေါင်း(၁၃၇)ဦးရှိပြီး တအာင်းလူမျိုးများအများဆုံးနေထိုင်ကြပါသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှ (၆.၉)ဦးရှိသောကြောင့် မြန်မာနိုင်ငံ၏စံနှုန်းဖြစ်သောတစ်အိမ်ထောင်(၅)ယောက်နှုန်းအထက်တွင်ရှိပါသည်။ ကျေးရွာတွင် နို့စို့အရွယ်ကလေးငယ်စုစုပေါင်း(၃)ဦး၊(၂.၁%)နှင့် သက်ကြီးရွယ်အို(၆)ဦး၊(၄.၄%)ရှိပါသည်။ (၅)နှစ်အောက်ကလေးငယ်(၁၄)ဦးရှိပါသည်။ ကျေရွာတွင် အလုပ်လုပ်နိုင်သောလူဦးရေသည်(၆၃)ဦး၊ (၄၆%)ရှိသည့် အတွက် အလုပ်လုပ်နိုင်သော သူများပြားပါသည်။ ထို့ပြင်အမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက်(၂.၂%)ပိုများလျက်ရှိပါသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် ငွေစုငွေချေးအဖွဲ့မရှိသောကြောင့် စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် ငွေကြေးအခက်အခဲရှိပါသည်။ ရပ်မိရပ်ဖအဖွဲ့သည်ကျေးရွာ၏လူမှုရေးဆိုင်ရာကိစ္စရပ်များ၊ အုပ်ချုပ်ရေး ဆိုင်ရာကိစ္စရပ်များ၊ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များတွင် သက်ဆိုင်ရာအစိုးရဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့်အနည်းငယ်သာ ချိတ်ဆက်ဆောင်ရွက်ကြပါသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့သည် ကျေးရွာစာသင်ကျောင်း၏လိုအပ်ချက်များဖြစ်သော ကျောင်းပရိဘောဂ

များ၊ စာသင်ဆောင်လိုအပ်ချက်များ၊ ကျောင်းခြံစည်းရိုးကာရံခြင်းများ/ ပြုပြင်ခြင်းများအား ကျောင်းဆရာ/ဆရာမများ၊ ကျေးရွာရှိရပ်မိရပ်ဖများနှင့်ညှိနှိုင်း တိုင်ပင်ဆောင်ရွက်ကြပါသည်။ သာရေး/နာရေးအဖွဲ့သည် ရွာတွင်းရှိနာရေးကိစ္စရပ်များဖြစ်ပေါ်လာပါက ရပ်ရွာရှိလူငယ်/လူရွယ်များအားဝေယျာဝစ္စကိစ္စရပ်များဆောင်ရွက်ရန်အတွက် စည်းရုံးလှုံ့ဆော်ပေးခြင်းများဆောင်ရွက်ပါသည်။

၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

ကျေးရွာတွင် လက်ဖက်နှင့်စပါးသီးနှံကိုသာ အဓိက စိုက်ပျိုးကြပါသည်။ လက်ဖက်နှင့် စပါးသီးနှံကိုစိုက်ပျိုးရန်အတွက် တောင်ယာခုတ်ထွင်ရခြင်း၊ မျိုးစေ့များဈေးနှုန်းကြီးမြင့်ခြင်း၊ စက်ပစ္စည်းပိုင်ဆိုင်မှု မရှိသောကြောင့် လူအင်အားငှားရမ်းအသုံးပြုရခြင်း၊ ဓါတ်မြေဩဇာ အသုံးပြုခြင်းမရှိသောကြောင့် သွင်းအားစုလိုအပ်ချက်များပြားပြီး အမြတ်ရရှိနိုင်မှုအခြေအနေသည် အနည်းအများရှိပါသည်။

ကျေးရွာအနီးပတ်ဝန်းကျင်ရှိ တောင်ကုန်းတောင်တန်းများကြောင့် လယ်မြေအနည်းအကျဉ်းသာရှိပြီးလယ်မြေများတွင် စပါးကိုဝမ်းစာအတွက်သာ စိုက်ပျိုးကြပါသည်။ လက်ဖက်နှင့် တောင်ယာများကို မိမိတို့ရင်းနှီးနိုင်သော ငွေကြေးပမာဏအလိုက် ခုတ်ထွင်၍ စပါးသီးနှံကို အဓိကထား စိုက်ပျိုးကြပါသည်။ မြေယာတိုးချဲ့မှုများအနည်းအကျဉ်းရှိပါသည်။ ကျေးရွာရှိ အိမ်ထောင်စုအများစုမှာ မြေယာပိုင်ဆိုင်မှုအသင့်အတင့်ရှိပြီး မြေယာမဲ့သည့်အိမ်ထောင်စုမရှိပါ။

ကျေးရွာတွင် စိုက်ပျိုးရေးအတွက် မိုးရေကိုသာ အဓိကအားထား စိုက်ပျိုးကြပါသည်။ ကျေးရွာသည် ပုံမှန်အားဖြင့် ရာသီဥတုသင့်တင်မျှတမှုရှိပြီး မိုးခေါင်မှုတစ်ခါတစ်ရံသာ ကြုံတွေ့ရတတ်ပါသည်။ စိုက်ပျိုးရေးအဖြစ် မိုးရေကိုသာအဓိကအားထားနေရသောကြောင့် ရာသီဥတုမမှန်ကန်ပါကစိုက်ပျိုးရေးအရင်းအမြစ်မရှိသောကြောင့်အခက်အခဲရှိပါသည်။ ကျေးရွာရှိတောင်သူအများစုသည် လက်တွန်းထွန်စက်များပိုင်ဆိုင်မှုမရှိသောကြောင့် ခိုင်းကျွဲများကိုသာ အသုံးပြုကြပါသည်။ အခြားအဆင့်မြှင့် စိုက်ပျိုးရေသုံးစက်ကိရိယာများပိုင်ဆိုင်မှုမရှိပဲ မိရိုးဖလာ စိုက်ပျိုးရေးနည်းစနစ်များကိုသာ အသုံးပြုကြပါသည်။

သီးနှံမျိုးစေ့များကို ကျေးရွာနှင့်(၄၀)မိုင်ခန့်ကျော်ကွာဝေးသော နမ္မတူမြို့နယ်တွင်ဝယ်ယူရရှိနိုင်သော်လည်းလမ်းခရီးခက်ခဲခြင်း၊ ဈေးနှုန်းမြင့်မားခြင်းတို့ကြောင့် ဝယ်ယူသုံးစွဲရာတွင် အခက်အခဲရှိပါသည်။ ကျေးရွာတွင် အိမ်ထောင်စုအများစုသည် ကိုယ်ပိုင်စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြသောကြောင့် လုပ်သားအင်အား ရှားပါးပါသည်။ ကျေးရွာသည် မန်တုံမြို့နှင့်(၃၅)မိုင်ကျော်ကွာဝေးခြင်း၊ ကျေးရွာ၏မြို့ဆက်လမ်းသည်မြေသားလမ်းဖြစ်သောကြောင့် မိုးတွင်းကာလတွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းတို့ကြောင့် စိုက်ပျိုးရေးနည်းပညာဆိုင်ရာဝန်ဆောင်မှုနည်းပါးသည်။ ဈေးနှုန်းမှန်ကန်စွာမရောင်းချနိုင်ခြင်းများကြောင့် အမြတ်အစွန်းများနည်းပါးပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာ၏ အဓိကလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး အိမ်ထောင်စုအချို့တွင် ကျွဲ၊ နွားမြင်းများကို စိုက်ပျိုးရေးတွင် ခိုင်းစေရန်အတွက် မွေးမြူကြပါသည်။ အချို့အိမ်ထောင်စုများတွင် ကြက်၊ ဝက်များကို တစ်နိုင်တစ်ပိုင်မွေးမြူကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းမှလွဲ၍ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ခြင်းမရှိပါ။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် ငွေစုငွေချေးအဖွဲ့မရှိသောကြောင့် ပွဲစားများထံတွင်လည်း အတိုးနှုန်း(၅%) ဖြင့် ချေးယူနိုင်ပြီး မိမိစိုက်ပျိုးသည့် လယ်ကေပမာဏအလိုက် ချေးငွေထုတ်ချေးပေးပါသည်။ မိတ်ဆွေနှင့်ဆွေမျိုးများထံတွင်လည်း အတိုးနှုန်း (၅%)နှုန်းဖြင့်လည်း ချေးယူနိုင်ပါသည်။

၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင်းရှိ ရွာတွင်းလမ်းသည် မြေသားလမ်းဖြစ်သောကြောင့် မိုးရာသီတွင်သွားလာရခက်ခဲပါသည်။ ကျေးရွာချင်းဆက်လမ်း(၂)လမ်းသာရှိပြီး လောလုကျေးရွာသို့ မြေသားလမ်း(၆)မိုင်၊ နော်ရာကျေးရွာသို့မြေသားလမ်း(၃)မိုင်၊ မဝေါကျေးရွာသို့(၉)မိုင်၊ နားအော်ကြီးကျေးရွာသို့(၁၀)မိုင်ခန့်ကွာဝေးပါသည်။

ကျေးရွာတွင်းရှိ အိမ်ထောင်စုအများစုသည် ဆိုင်ကယ်များပိုင်ဆိုင်ကြပါသည်။ ကား၊ ထော်လာဂျီများပိုင်ဆိုင်သောအိမ်ထောင်စုမရှိကြောင်းတွေ့ရှိရပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် ရွှေလီမဟာဓါတ်အားလိုင်းနှင့်(၄၀)မိုင်ကွာဝေးသောကြောင့် အိမ်ထောင်စုအများစုသည် မဟာဓါတ်အားလိုင်းအသုံးပြုနိုင်မှုမရှိသည်ကိုတွေ့ရှိရပါသည်။ အဆင်ပြေသော အိမ်ထောင်စုများတွင် ဆိုလာမီးလင်းရေးစနစ်နှင့်အင်ဂျင်စွမ်းအင်ဖြင့် အသုံးပြုကြပါသည်။ ငွေကြေးမတတ်နိုင်သော အိမ်ထောင်စုအချို့သည် ထင်းမီး၊ ဓာတ်ခဲ၊ ဖယောင်းတိုင်များအသုံးပြုကြပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် CDMAဖုန်းလိုင်းများသာမိပါသည်။ ကျေးရွာအနီးတွင် ဆက်သွယ်ရေးတာဝါတိုင်မရှိသောကြောင့် ဆက်သွယ်ရေးဆောင်ရွက်ရာတွင်အခက်အခဲများတွေ့ရှိရပါသည်။

၇။ ပညာရေး

ကျေးရွာရှိလူဦးရေ၏ (၁၆.၀%)ခန့်သည် စာမတတ်ပါ။ အများစုသည်အလုပ်လုပ်နိုင်သည့် အရွယ်ဖြစ်ကြပါသည်။ ကျေးရွာလူဦးရေစုစုပေါင်း (၁၃၇)ဦးတွင် မူလတန်းအဆင့်ရှိသူ(၈၂)ဦး၊ အလယ်တန်းအဆင့်ရှိသူ(၂၁)ဦး၊ အထက်တန်းအဆင့်ရှိသူ(၁၀)ဦး၊ တက္ကသိုလ်အဆင့်ရှိသူ(၂)ဦး သာရှိခြင်းသည်ကျေးရွာ၏ပညာရေးအားနည်းမှုကိုဖော်ပြလျက်ရှိပါသည်။ ကျေးရွာအနီးပတ်ဝန်း ကျင်တွင် မူလတန်းကျောင်းများသာရှိသောကြောင့် မူလတန်းပညာပြီးဆုံးပါက ကျောင်းထွက် ကာ စိုက်ပျိုးရေးလုပ်ကိုင်ခြင်း၊ ကျောင်းစရိတ်မတတ်နိုင်ခြင်းတို့ကြောင့် အလယ်တန်းနှင့် အထက်တန်းတက်ရောက်သူနည်းပါးပါသည်။

ကျေးရွာစာသင်ကျောင်းတွင် ကျောင်းသား/သူ(၆၁)ဦး ပညာသင်ကြားလျက်ရှိပြီး ငွေကြေးတတ်နိုင်သူအချို့သည် မိမိတို့သား/သမီးများကို မန်တုံမြို့နှင့်အခြားမြို့နယ်သို့ အလယ် တန်းပညာကို စေလွှတ်သင်ကြားပေးလျက်ရှိပါသည်။

၈။ ကျန်းမာရေး

ကျေးရွာတွင်းရှိ သက်ကြီးရွယ်အိုအနည်းစုသည် သွေးတိုးရောဂါဖြစ်ပွားလျက်ရှိပါသည်။ အခြား ရောဂါများဖြစ်ပွားမှုမရှိပါ။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိသော ကြောင့် ကျေးရွာတွင်းရှိမိဘပြည်သူများ၏အသေးအမွှားရောဂါများလွယ်ကူစွာကုသနိုင်ခြင်းမရှိ ပါ။ အခါအားလျော်စွာ ကာကွယ်ဆေးထိုးနှံပေးမှုများ ပြုလုပ်ပေးလျက်ရှိပါသည်။ ကျေးရွာတွင်းရှိ လူနာဆေးကုသမှုများအတွက် ကျေးရွာနှင့်(၂၀)မိုင်ကျော်ကွာဝေးသော နမ့်ဟိုင်းတိုက်နယ် ဆေးရုံသို့သွားရောက်ကုသကြပါသည်။ နမ့်ဟိုင်းတိုက်နယ်ဆေးရုံမှမတတ်နိုင်သော ဆေးကုသမှု များအတွက် ကျေးရွာနှင့်(၄၀)မိုင်ခန့်ကွာဝေးသော နမ္မတူမြို့နယ်ဆေးရုံတွင် သွားရောက်ကုသ ကြပါသည်။

၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် ခါတုခါတ်မြေဩဇာများသုံးစွဲမှု အနည်းငယ်ရှိသောကြောင့် မြေဆီမြေဩဇာပျက်စီးမှုအနည်းငယ်သာရှိပါသည်။ တောင်ယာ ခွဲထွင်ခြင်း၊ မီးသွေးထုတ်ယူခြင်းနှင့် ထင်းခုတ်ခြင်းကြောင့် သစ်တောပြုန်းတီးမှုလည်းများ ပြားလာပါသည်။ ကျေးရွာတွင်းအမှိုက်စွန့်ပစ်မှုအနေဖြင့် သီးသန့်အမှိုက်စွန့်ပစ်ရန်နေရာ သတ်မှတ်ထားခြင်းမရှိသော်လည်း မိမိတို့အစီအစဉ်အလိုက် မီးရှို့ဖျက်ဆီးမှုများကို အိမ်ထောင်စု အများစုမှ ဆောင်ရွက်ကြပါသည်။

၁၀။ ကျား–မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ကျေးရွာတွင်းရှိ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ ပါဝင်မှုအနည်းငယ်ရှိပါသည်။ လမ်းခရီးအခြေအနေများ၊ ညရေးညတာအခြေအနေများနှင့် ရှေးရိုးစွဲအယူအဆများကြောင့် ဖြစ်ပါသည်။ကျေးရွာတွင်းရှိအမျိုးသမီးများသည်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာ

ပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာအတွင်းရှိအမျိုးသမီးများ/မိန်းကလေးများအား အကြမ်းဖက်မှုများ၊ တိုင်ကြားမှုများ မရှိပါ။ ကျေးရွာတွင်းရှိ အမျိုးသမီးများသည် အကြမ်းဖက်မှုများအတွက် ဥပဒေနှင့်သက်ဆိုင်သော ကိစ္စရပ်များတွင် အသိအမြင်များမရှိပါ။

၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ကျေးရွာတွင် တအာင်းလူမျိုးများပြားပြီး ဗုဒ္ဓဘာသာဝင်များသောကြောင့် ရာသီအလိုက် ပွဲတော်များဖြစ်သော သီးတင်းကျွတ်ပွဲတော်၊ သင်္ကြန်ပွဲတော်၊ တပေါင်းပွဲတော်နှင့် တန်ဆောင်တိုင်ပွဲတော်များရှိပါသည်။ ကျေးရွာရှိရွာသူ/ရွာသားများသည် လူမှုရေးလုပ်ငန်းများ၊ ဘာသာရေးလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ကြပါသည်။

၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

ကျေးရွာတွင် လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးသုံးစွဲမှု၊ အကြမ်းဖက်မှုများမရှိပါ။

၁၃။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

စဉ်	စီမံချက် (Project)	ဦးစားပေး အဆင့်	၂၀၂၂	၂၀၂၃	၂၀၂၄	၂၀၂၅	၂၀၂၆
၁	ကျေးရွာအစည်းအဝေးခန်းမတည်ဆောက်ခြင်း	၁	Â				
၂	ကျေးရွာတွင်းတံတားတည်ဆောက်ခြင်း	၂		Â			
၃	စာသင်ကျောင်းဆောင်တည်ဆောက်ခြင်း	၃		Â			
၄	စိမ့်စမ်းရေသွယ်ယူခြင်း	၄			Â		
၅	အားကစားကွင်းတည်ဆောက်ခြင်း	၅				Â	
၆	စာကြည့်တိုက်တည်ဆောက်ခြင်း	၆					Â

အပိုင်း (ခ)

စီမံချက်ဆိုင်ရာ အချက်အလက်များ

နောက်ဆက်တွဲ (၃)

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project Profile)

ကျေးရွာ – ထပ်ကျက်(ပ)ကျေးရွာ ကျေးရွာအုပ်စု နားအော်ကျေးရွာအုပ်စု မြို့နယ် – မန်တုံမြို့နယ် တိုင်း/ပြည်နယ် – ရှမ်းပြည်နယ်မြောက်ပိုင်း
စီမံချက်အမည် – ကျေးရွာအစည်းအဝေးခန်းမဆောင်တည်ဆောက်ခြင်း
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ ကျေးရွာတွင် သာရေး/နာရေးရပ်ကိစ္စများ၊ အစည်းအဝေးများပြုလုပ်ရာတွင် အခက်အခဲရှိသောကြောင့် ကျေးရွာအစည်းအဝေးခန်းမဆောင်တည်ဆောက်ရန် လိုအပ်ပါသည်။
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်) ကျေးရွာတွင် အစည်းအဝေးခန်းမဆောင်တည်ဆောက်ခြင်းဖြင့် ကျေးရွာအစည်းအဝေးများပြုလုပ်ရာတွင်ခမ်းနားစွာဖြင့်ကျင်းပနိုင်ခြင်း၊ မိုးရာသီကာလတွင် သာရေး/နာရေးကိစ္စရပ်များ၊ ပိုမိုကောင်းမွန်စွာပြုလုပ်နိုင်သောကြောင့်အခက်အခဲများနည်းပါးစေရန်
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ) ကျေးရွာတွင် အစည်းအဝေးခန်းမဆောင် ဆောင်ရွက်ပြီးစီးခဲ့လျှင် ရာသီမရွေးကျေးရွာဘာသာရေးပွဲတော်များကျင်းပရာတွင်အသုံးပြုနိုင်ခြင်း၊ ရွာလုံးကျွတ်အစည်းအဝေးကျင်းပနိုင်ခြင်း၊ မင်္ဂလာပွဲတော်များစည်စည်ကားကားစွာ ကျင်းပနိုင်သောကြောင့် ကျေးရွာတွင်းရှိ လူငယ်များစည်းလုံးညီညွတ်မှုဖြင့် အသိပညာဗဟုသုတတိုးပွားပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်မှု အကျိုးကျေးဇူးများခံစားရနိုင်ပါသည်။
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်) ကျေးရွာအစည်းအဝေးခန်းမဆောင်တည်ဆောက်ခြင်း အရှည်ပေ – ၃၀’ အကျယ်ပေ – ၂၄’ အမြင့်ပေ – ၁၂’

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	**ထည့်ဝင်မည့် အစီအစဉ်**
• (ငွေသား) သိန်း (၁၀၀) ကျပ် • (လုပ်အား) (၃.၆၉၃)သန်း ကျပ်	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	**လူဦးရေ**			**ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)**				
	ကျား	**မ**	**ပေါင်း**	**၁**	**၂**	**၃**	**၄**	**ပေါင်း**
ကျေးရွာအဆင့်	၇၀	၆၇	၁၃၇	၁	၃	၁၀	၆	၂၀
အကျိုးခံစားမည့်သူဦးရေ	၇၀	၆၇	၁၃၇	၁	၃	၁၀	၆	၂၀
မှတ်ချက်။ ချောင်လည်အဆင့် - ၁၊ အလယ်အလတ်အဆင့် -၂၊ ဆင်းရဲ-၃၊ အလွန်ဆင်းရဲ - ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)

- ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
- ကျေးရွာရပ်မိရပ်ဖများ
- ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာကူညီပံ့ပိုးပေးပါမည်။

(၂) စီမံချက်စတင်မည့် အချိန်ခန့်မှန်း - ၁၅.၁၂.၂၀၂၁

(၃) စီမံချက် ပြီးစီးမည့် အချိန် - ၈.၃.၂၀၂၂

(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -

ကျေးရွာတွင်အစည်းအဝေးခန်းမဆောင်တည်ဆောက်နိုင်ရန်အတွက်လိုအပ်သောလုပ်သားအင်အား အသုံးပြုသွားမည်ဖြစ်ပြီး အခြားလိုအပ်သော ကျောက်၊ သဲ၊ ဗြုံန်း၊ သစ်စသည်တို့ကို ကျေးရွာတွင်းရှိ လူအားဖြင့်ပါဝင်ကူညီပေးသွားပါမည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

ကျေးရွာတွင် အစည်းအဝေးခန်းမဆောင်ရေရှည်တည်တံ့ခိုင်မြဲနိုင်ရေးအတွက် နှစ်စဉ်ကျေးရွာမှ လူအားဖြင့် သန့်ရှင်းရေးများပြုလုပ်ပေးခြင်း၊ ပျက်စီးသွားသောအမိုးများ၊သစ်များပြုပြင်ရန်လိုအပ်ပါက ကျေးရွာလုပ်အား၊ အလှူငွေများဖြင့် အသုံးပြုကာ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းစဉ်များကို နှစ်စဉ် ပြုလုပ်သွားပါမည်။ လိုအပ်ပါက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ချိတ်ဆက်အကူအညီ တောင်းခံသွားပါမည်။

နောက်ဆက်တွဲ (၁)

ထပ်ကျက်(ပ)ကျေးရွာ ၊ နားအော်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁။	ဦးအိုက်ညမ်း	ဦးအိုက်လူ	၁၃/မတတ (နိုင်) ၀၀၆၆၃၈	၄၀	ဥက္ကဋ္ဌ	၀၉-၂၆၉၅၀၈၅၀၂
၂။	မောင်အိုက်ဟင်	ဦးနိုင်လိတ်	၁၃/မတတ (နိုင်) ၀၁၃၆၇၈	၂၅	ဥက္ကဋ္ဌ(ဝယ်ယူရေး)	၀၉-၄၇၂၂၇၉၀၂
၃။	မိုင်းအိုက်နိုင်	ဦးအိုက်လုံ	၁၃/မတတ (နိုင်) ၀၁၃၆၇၆	၂၆	ဘဏ္ဍာရေးမှူး	၀၉-၇၃၀၆၈၉၈၅
၄။	မိုင်းညီမန်	ဦးအိုက်ကြပ်	၁၃/မတတ (နိုင်) ၀၀၄၅၆၃	၃၅	အဖွဲ့ဝင်	-
၅။	မအီဆေး	ဦးအိုက်လုပ်	၁၃/မတတ (နိုင်) ၀၂၂၃၀၄	၂၄	အဖွဲ့ဝင်	-
၆။	မအိုကျွန်း	ဦးအိုက်ဆစ်	၁၃/မတတ (နိုင်) ၀၁၇၃၈၀	၂၂	စာရင်းကိုင်	-
၇။	မယေနော်	ဦးအိုက်နိုင်ကင်း	၁၃/မတတ (နိုင်) ၀၂၂၂၈၉	၂၀	အတွင်းရေးမှူး	-

နောက်ဆက်တွဲ (၂)

နားအော်ကျေးရွာအုပ်စု၊ထပ်ကျက်(ပ)ကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်		၁	၁	၁	၁
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၆	၈	၁၄		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၁၆	၁၁	၂၇		
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၁၁	၁၃	၂၄		
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၂၅	၂၈	၆၃		
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၁	၅	၆		
စုစုပေါင်း		**၆၉**	**၆၆**	**၁၃၅**	**၁**	**၁**
စုစုပေါင်း အိမ်ထောင်စု						

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁)

နှစ်မပြည့်မီအရွယ်၊၁နှစ်မှ၄နှစ်ဆိုသည်မှာအသက်(၁)နှစ်ပြည့်အရွယ်မှ (၅)

နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက်(၅)နှစ်ပြည့်သည်မှအသက် (၁၀)

နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက်(၁၀)နှစ်ပြည့်သည်မှအသက် (၁၅)

နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက်(၁၅)နှစ်ပြည့်သည်မှအသက် (၆၅)

နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅)

နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ထပ်ကျက်ကျေးရွာတွင် မသန်စွမ်းသူ (၂)ဦးသာရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	**လယ်ယာစိုက်ပျိုးရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၁၅	၃၈	၅	၂	၆	-	မြင့်✓ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ✓
၂	**တိရစ္ဆာန် မွေးမြူရေး**							
	ကိုယ်ပိုင်လုပ်ငန်း	၅၃	၄	-			-	မြင့် ☐ လတ်☐ နိမ့် ✓
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေနောက်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေ ရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင်လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၁	၁				၁	မြင့် ✓ လတ်□ နိမ့် □
၆	**ထုတ်ကုန်လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း	၂	၄	-	-		-	မြင့် ✓ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေ ရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင်လုပ်အား	အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း	၁	၂	-	-	-	-	မြင့် ✓ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□နိမ့် □
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၁	၁	-	-	၁		မြင့် □ လတ်✓ နိမ့် □
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း							မြင့် □ လတ်□ နိမ့် □
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**							
	ကိုယ်ပိုင်							မြင့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	လုပ်ငန်း							လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့်☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့်☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၁	၁	-	၁			မြင့် ☐ လတ်☐ နိမ့်☐
၁၇	**ပညာရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၅	၆		၁	၅		မြင့် ☐ လတ်☐ နိမ့်☐
၁၈	**ကျန်းမာရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့်

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေ ရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
								☐
၁၉	**လူမှုရေး လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၅	၁၃	၂	၇	၆		
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း							☒

ရင်းမြစ် ... (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

မှတ်ချက်။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"**အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံထည့်သွင်း** ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာ ဖော်ပြပါလုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်း လုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့် အလမ်းရရှိနိုင်မှု အခြေအနေကိုဆိုလိုပါသည်။ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါကအဆိုပါလုပ်ငန်းတွင်ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်

ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ထပ်ကျပ်ကျေးရွာတွင် လုပ်သားအင်အားနှင့် ဝင်ငွေလုပ်ငန်း အမျိုးအစားများသည် လက်လီလက်ကားရောင်းနိုင်သည့် အိမ်ထောင်စု(၁)ခုသာရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၆၀၀၀	၅၀၀၀	၅၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၅၀၀၀	၅၀၀၀	၅၀၀၀	၅၀၀၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား	–	–	–	–
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	–	–	–	–
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၅၀၀၀	၅၀၀၀	၄၀၀၀	၄၀၀၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၈၀၀၀	၆၀၀၀	၇၀၀၀	၅၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား	–	–	–	–
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	–	–	–	–
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	–	–	–	–

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။။ ထပ်ကျက်ကျေးရွာ၏ အလုပ်တစ်ရက် ဝင်ငွေသည် (၂၁၉.၇၈%) ရာခိုင်နှုန်း ရှိကြောင်းတွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	၃	ကောင်း ☐	သင့်✓	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၂၂	ကောင်း ☐	သင့်✓	ညံ့ ☐
ဥယျာဉ်ခြံမြေ	၁၅	ကောင်း ☐	သင့်✓	ညံ့ ☐
ကိုင်း/ကျွန်းမြေ	_	ကောင်း ☐	သင့်☐	ညံ့ ☐
ဓနိတောမြေ	_	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	_	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်	_	ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၄၀	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ထပ်ကျက်ကျေးရွာ၏ လယ်မြေပိုင်ဆိုင်မှုမှာ (၃)ကေသာရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်)	**အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာရွေးရန်)	**လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ**(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✓	လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ✓
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☐မရှိ ✓	လွယ် ☐ခက်✓ အသုံးမပြုနိုင်ပါ ☐	လျော့☐တိုး☐ အပြောင်းအလဲမရှိ ✓
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်✓ နည်း ☐ မရှိ ☐	လွယ် ✓ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ✓ တိုး ☐ အပြောင်းအလဲမရှိ ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ✓ မရှိ ☐	☒	လျော့ ✓ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ✓ သင့်☐ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✓	လျော့ ✓ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)	များ ☐ သင့်✓ နည်း ☐ မရှိ ☐	လွယ် ☐ ခက်✓ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ✓ အပြောင်းအလဲမရှိ ☐
သစ်တော - အပူပိုင်းသစ်တော	များ ✓ သင့်☐ နည်း☐ မရှိ ☐	လွယ်✓ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ✓ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော - ဒီရေတောများ	များ ☐ သင့်☐ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ထပ်ကျက်ကျေးရွာ၏ ဓာတ်သတ္တုနှင့်အခြား သဘာဝအရင်းအမြစ်များမှာ ဓာတ်ငွေ့၊ရေနံ၊ကျောက် ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်✓	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း✓	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ✓
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း✓
အိမ်ထောင်စု	၁	၃	၁၀	၆

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။
လေ့လာတွေ့ရှိချက်။။။ ကျေးရွာတွင် ပြေလည်သောအိမ်ထောင်စု တစ်ခုသာ တွေ့ရှိရပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်းစာဖူလုံမှု			အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု	၂	-	အခြားအစာပြောင်းလဲစား = ____ _____ အစာလျှော့စား = _____၂_____ အထောက်အပံ့ယူ = _____ ချေးယူ = _____၂_____ လုပ်အားခကြိုယူ = _____
၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု	၂	-	အခြားအစာပြောင်းလဲစား = _____၁____ အစာလျှော့စား = _____၂____ အထောက်အပံ့ယူ = _____ ချေးယူ = _____၂____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။။။ ၃လနှင့်၆လကြား၊ ၆လနှင့်၁၂လအထိ ဝမ်းစာဖူလုံမှုအတွက် ချေးယူများပြားကြောင့် လေ့လာတွေ့ရှိရပါသည်။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို(၆၄နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်			
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု			
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	၃		
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။
လေ့လာတွေ့ရှိချက်။ ။သက်ကြီးရွယ်အို(၆၄) နှစ်နှင့်အထက် ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့်ပဂ္ဂိုလ်မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဇ-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံ များ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု	✓			✓		
၂	လျှပ်တပြတ်ရေကြီးခြင်း	✓			✓		
၃	မုန်တိုင်းဒီရေ	✓			✓		
၄	ဆူနာမီ						
၅	တိုင်ဖုန်းမုန်တိုင်း						
၆	လေဆင်နာမောင်း						
၇	ငလျင်	✓			✓		
၈	အပူလှိုင်း		✓			✓	
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု						
၁၀	အအေးလှိုင်း		✓			✓	
၁၁	မိုးသီးကြွေကျမှု			✓		✓	
၁၂	မိုးခေါင်ခြင်း						
၁၃	တောမီးလောင်ခြင်း						
၁၄	မြစ်ကမ်းပါးပြုိခြင်း	✓			✓		
၁၅	ကမ်းရိုးတန်းတိုက်စားမှု						
၁၆	မြေပြိုခြင်း	✓			✓		
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု		✓		✓		
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)		✓		✓		

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံ များ)		
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း		√		√		
၂၀	သစ်တောပြုန်းတီးခြင်း			√	√		
၂၁	၄က်ဖျားရောဂါ						
၂၂	တီဘီရောဂါ						
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ						
၂၄	ကပ်ရောဂါ	√			√		
၂၅	ပြည်တွင်းပဋိပက္ခ		√			√	
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု		√		√		
၂၇	လူကုန်ကူးခြင်း						
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ် ရေးခက်ခဲခြင်းစသည်						

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။
မှတ်ချက်။ ။ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ရေကြီးခြင်း၊မိုးခေါင်ခြင်း စသည့် အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက်ကျေးရွာသူရွာသားများထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကကျေးရွာ၏မည်သို့သောအိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှထိခိုက်သက်ရောက်မှုခံစားကြရပါသလဲ။ (ဥပမာ။။။
အိမ်ထောင်စု၁၀၀တွင် ၂၅အိမ်ထောင်စုအောက် - နိမ့်
အိမ်ထောင်စု၁၀၀တွင် ၂၅မှ၅၀အိမ်ထောင်စု - လတ်
အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် - မြင့်)
လေ့လာတွေ့ရှိချက်။ ။ထပ်ကျက်ကျေးရွာ၏ ထိခိုက်သက်ရောက် လွယ်မှုအခြေအနေမှာ တောင်ပေါ်ဒေသဖြစ်သောကြောင့် ထိခိုက်မှုအနည်းဆုံးသာ ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဇ-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်	✓				✓	
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု		✓			✓	
၃	ဆင်းရဲသားတောင်သူ		✓			✓	
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ကူးစက်ရောဂါထူပြောသောဒေသတွင် နေထိုင်သူ	✓				✓	
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ	✓			✓		
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ	✓				✓	
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူ များ (IDP)	✓			✓		
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	✓			✓		
၉	ငါးကန်ပိုင်ရှင်များ	✓			✓		
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ		✓			✓	
၁၁	လူနည်းစုလူမျိုးများ	✓					✓
၁၂	ဒေသတွင်းပဋိပက္ခဇရိယာတွင်နေထိုင်သူများ		✓			✓	
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ		✓			✓	
၁၄	ရွှေတွင်းလုပ်သားများ	✓			✓		

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၅	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	✓				✓	
၁၆	နေရပ်ပြန်အခြေချသူများ	✓					
၁၇	ရွှေ့ပြောင်းလုပ်သားများ	✓			✓		
၁၈	ကားမောင်းပြီးအသက်မွေးသူများ	-			✓		

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများစသည်တို့သည်မည်သို့သော အခြေအနေများတွင်လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ထပ်ကျက်ကျေးရွာ၏ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ အခြေအနေမှာ ကားမောင်းပြီး အသက်မွေးသူများ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	ကျေးရွာကျန်းမာရေးကော်မတီ VHC	၁□၂/၃□	၄	၂	၆	ပညာရေး□ငွေကြေး/ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေးလူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်/ ညံ့□
၂	ကျေးရွာလူငယ်	၁□၂/၃□	၆	၁	၇	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေးလူမှုဖွံ့ဖြိုးရေး/ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်/ ညံ့□
၃	အုပ်ချုပ်ရေးမှူး	၁□၂□၃/	၂		၂	ပညာရေး/ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေးလူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး/	ကောင်း□ သင့်/ ညံ့□
၄	ကျောင်းကော်မတီ	၁□၂/၃□	၂		၂	ပညာရေး/ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေးလူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး/	ကောင်း□ သင့်/ ညံ့□
၅	ဂေါပက	၁□၂□၃/				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေးလူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၆		၁□၂□၃□				ပညာရေး/ဝွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□
၇		၁□၂□၃□				ပညာရေး□ဝွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ဝွေစုဝွေချေးအဖွဲ့စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ထပ်ကျက်ကျေးရွာ၏ ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်း နည်းကြောင်း လေ့လာတွေ့ရှိရသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာ တစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်)
၁	THO	၁□၂□၃√၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး√ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေးလူမှုဖွံ့ဖြိုးရေး□
၂	T.S.Y.U	၁□၂□၃√၄□၅□၆□၇□	ပညာရေး√ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေးလူမှုဖွံ့ဖြိုးရေး□
၃	TNP	၁□၂□၃√၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး√ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေးလူမှုဖွံ့ဖြိုးရေး□
၄	S.C.I	၁□၂√၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး√ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေးလူမှုဖွံ့ဖြိုးရေး□
၅		၁√၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေးလူမှုဖွံ့ဖြိုးရေး□
၆		၁□၂√၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေးလူမှုဖွံ့ဖြိုးရေး□

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။
မှတ်ချက်။
(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)
(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)
(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း
(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ(ဥပမာ– ကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)
(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွံ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)
(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)
(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ
နိုင်ငံတော်မှဒေသအကျိုးပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏သမဝါယမအသင်း၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကိုကြံဖယားတွင်<u>ထည့်သွင်း ဖော်ပြခြင်းမပြုပါရန်</u>။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများသည် ကျန်းမာရေးကိုသာ အဓိကထားကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဧယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့	-	-	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၁၀	၃	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၁၅	၂	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား			တောင်သူလတ်
၅	၁၂.၅ဧကအထက်			တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ထပ်ကျက်ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ (၂.၅)ဧက အောက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ
ဧယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာ တစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကို သာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ် ကအခြေအနေ(မှန် ရာတစ်ခုကိုသာရွေး ရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၃	မြစ်ရေတင် စီမံကိန်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၄	ရေသွင်း မြောင်း	၃	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်✓ မဖြေဆိုပါ□	ရှိ□မရှိ✓မဖြေဆိုပါ□	လျော့✓တိုး□အ ပြောင်းအလဲမရှိ□
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၆	လက်ငင်းရေ တွင်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၇	စိမ့်စမ်းရေ	၅	တစ်နှစ်ပတ်လုံး✓ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ✓မရှိ□မဖြေဆိုပါ□	လျော့✓တိုး□ အပြောင်းအလဲမရှိ□
၈	ချောင်းရေ	၁	တစ်နှစ်ပတ်လုံး✓ရာ သီအလိုက်□ မဖြေဆိုပါ□	ရှိ✓မရှိ□မဖြေဆိုပါ□	လျော့✓တိုး□ အပြောင်းအလဲမရှိ□

ရင်းမြစ် (၁)ဦးတည်အုပ်စုဆွေးနွေးခြင်း-လယ်သမားအုပ်စု၊(၂)ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။
လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ရေအရင်းအရင်းအမြစ်နှင့်ရေသွင်းဧရိယာရေရရှိနိုင်မှုနည်းလာသည်ကို လေ့လာတွေ့ရှိရပါသည်။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧကအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
စပါး	၂၅	တင်း	၁၀	၁၅	၁၂	၆	၁၀	မြင့်✓လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်✓	မြင့်✓လတ်□ နိမ့်□
လက်ဖက်	၁၅	၀ိဿာ	၃၀	၅၀	၄၀	၆	၁၀	မြင့်□လတ်✓ နိမ့်□	မြင့်□လတ်✓ နိမ့်□	မြင့်□လတ်✓ နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□ နိမ့်□	မြင့်□လတ်□□နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□ နိမ့်□	မြင့်□လတ်□ နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏အဓိကသီးနှံနှင့်အထွက်နှုန်းအကိုက်ညီကြောင်း လေ့လာတွေ့ရှိရ ပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအ ရေအတွက်
ထွန်စက်				
လက်တွန်းထွန်စက်				
အစေ့ချကိရိယာ				
ရိတ်သိမ်းခြွေလှေ့စက်				
ရိတ်သိမ်းစက်				
ခြွေလှေ့စက်	၂	-	-	-
ရေစုပ်စက်				
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်				

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။
လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏စိုက်ပျိုးရေးသုံး ကိရိယာများကို ပိုင်ဆိုင်မှု(၂)ဦးသာရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီး မှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	**အလွန်ကောင်း□ကောင်း□သင့်တင့်မျှတ✓မဖြေဆိုပါ□**
လယ်ယာမြေအသုံးချနိုင်မှု	**အလွန်ကောင်း□ကောင်း□သင့်တင့်မျှတ✓မဖြေဆိုပါ□**
စိုက်ပျိုးရေအရင်းအမြစ်	**ပေါများ□အသင့်အတင့်ရှိ✓မဖြေဆိုပါ□**
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	**အလွယ်တကူရသည်□ရသည်□မဖြေဆိုပါ✓**
သီးနှံမျိုးစေ့ရရှိနိုင်မှု	**မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်□သီးနှံမျိုးစေ့ များဝယ်ယူရရှိနိုင်သည်□မဖြေဆိုပါ✓**
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာ နှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	**လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□ဝယ်ယူရနိုင်သည်✓မဖြေဆိုပါ□**
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အ ခြားဓာတုဗေဒသွင်းအားစုများ	**လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□ဝယ်ယူရနိုင်သည်✓မဖြေဆိုပါ□**
လုပ်သားရရှိနိုင်မှု	**အလွယ်တကူရနိုင်သည်□ရနိုင်သည်✓မဖြေဆိုပါ□**
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန် ဆောင်မှုများ	**အလွယ်တကူရနိုင်သည်□ရနိုင်သည်□မဖြေဆိုပါ✓**
သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု	**သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်□ သီးနှံများကိုရောင်းချနိုင်သည်✓မဖြေဆိုပါ□**
ရာသီဥတုအခြေအနေပြောင်းလဲမှု (အပူချိန်၊မိုးရေချိန်)	**ထိခိုက်သည်✓ မထိခိုက်ပါ □ မဖြေဆိုပါ□**

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများနည်းနေကြောင်း လေ့လာတွေ့ရှိရပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	**ဖော်ပြချက်/ရှင်းလင်းချက်** (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကို ချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအ ချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
သဘာဝရေမြေရာသီဥတုအနေအထား	**မြေဆီဩဇာမကောင်း□ရာသီဥတုမမှန်/မဖြေဆိုပါ□**
လယ်ယာမြေအသုံးချနိုင်မှု	**လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ/လယ်ယာမြေဆုံးရှုံးမှုများသည်□** **လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်□** **ပလပ်မြေများရှိသည်□** **ပလပ်မြေအသင့်အတင့်ရှိသည်□မဖြေဆိုပါ□**
စိုက်ပျိုးရေအရင်းအမြစ်	**အလွယ်တကူမရနိုင်/လုံဝမရ□မဖြေဆိုပါ□**
